WORLD BANK GROUP

**သတင်းထုတ်ပြန်ချက်**

# ကမ္ဘာ့ဘဏ်အုပ်စု မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကူညီမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်

**၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက်၊ ရန်ကုန်။** မြန်မာနိုင်ငံသည် စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာစေရေး၊ ဆင်းရဲ နွမ်းပါးမှု လျော့ချရေး၊ ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝများ တိုးတက်ပြောင်းလဲရေးတို့အတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌ မစ္စတာ အေဇဲဗင်ထရော်ဆင်ဘာတ်သည် မြန်မာနိုင်ငံသို့ မေလ ၁၂ ရက်မှ ၁၆ ရက်အတွင်း လာရောက် လည်ပတ်ခဲ့စဉ် အတွင်း ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆက်လက် ကူညီသွားမည်ဟု ထပ်လောင်း အတည်ပြု ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် ပညာရေးကဏ္ဍ၏ အရေးပါမှုကို ၎င်း၏ ခရီးစဉ်အတွင်း အလေးပေး ဆွေးနွေးခဲ့ပါသည်။

“မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးရေး၊ စီးပွားရေး ကောင်းမွန်လာရေး၊ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ရေးနှင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး အတွက် အရှိန်အဟုန်နဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေ ဆက်လက် ဆောင်ရွက်နေတာ တွေ့ရတာ အလွန် ကျေနပ်မိပါတယ်” ဟု မစ္စတာ အေဇဲဗင်ထရော်ဆင်ဘာတ်က ပြောသည်။ “ပညာရေး၊ ကျန်းမာရေးနှင့် သာယာ ဝပြောမှုတွေကို အချင်းချင်း ဝေမျှ ခံစား နိုင်ရေး အတွက် ကြိုးပမ်း ဆောင်ရွက်ရာမှာ ရင်ဆိုင် ကြုံတွေ့ရနိုင်တဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းဖို့ မြန်မာနိုင်ငံအစိုးရနဲ့အတူ ကူညီ ဆောင်ရွက်ခွင့်ရတဲ့အတွက် ကမ္ဘာ့ဘဏ်အုပ်စုအနေနဲ့ အလွန် ဂုဏ်ယူမိပါတယ်။ ပညာရေးစနစ် ကောင်းမွန်လာဖို့ ဆောင်ရွက်ခြင်း ဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် အလွန်ပဲ အရေးကြီးတယ်လို့ ကျွန်ုပ်တို့အနေနဲ့ ယုံကြည်ပါတယ်” ဟု ၎င်းက ပြောသည်။

ခရီးစဉ်အတွင်း မစ္စတာ အေဇဲဗင်ထရော်ဆင်ဘာတ်သည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယ သမ္မတဒေါက်တာ စိုင်းမောက်ခမ်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်အပါအဝင် အစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထို့အတူ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခဲ့သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယ ဝန်ကြီး ဦးတင်ငွေနှင့်အတူ မစ္စတာ အေဇဲဗင်ထရော်ဆင်ဘာတ်သည် ချင်းပြည်နယ်သို့ သွားရောက်လည်ပတ်ခဲ့ပြီး ၂၅ နှစ်အတွင်း ကမ္ဘာ့ဘဏ်၏ ပထမဦးဆုံး စီမံကိန်း ဖြစ်သည့် လူထုဗဟိုပြု အမျိုးသားစီမံကိန်း၏ ကနဦး ရလဒ်များကိုလည်း သွားရောက်လေ့လာကြည့်ရှုခဲ့ပါသည်။ အဆိုပါ စီမံကိန်းသည် လူထု ဗဟိုပြုဆောင်ရွက်မှုများဖြင့် ဆင်းရဲနွမ်းပါးသည့် ကျေးလက်ပြည်သူများအား အခြေခံကျသည့် ကျေးလက် လမ်းတံတား အခြေခံ အဆောက်အဦးများနှင့် ဝန်ဆောင်မှုများ တိုးတက်ရရှိစေရန် ကူညီပေးလျက်ရှိသည်။ အဆိုပါ စီမံကိန်းကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းက အတည်ပြုခဲ့ပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများကို ကူညီရန် သတ်မှတ်ထားသည့် ကမ္ဘာ့ဘဏ်၏ အပြည်ပြည် ဆိုင်ရာ ဖွံ့ဖြိုးရေး အဖွဲ့၏ ရန်ပုံငွေ အမေရိကန် ဒေါ်လာ သန်း ၈၀ ဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ၁၅ မြို့နယ်တွင် ခြောက်နှစ်ကြာဆောင်ရွက်မည့် စီမံကိန်းဖြစ်ပြီး ကျေးလက်ပြည်သူများအား ၎င်းတို့အတွက် လိုအပ်လျက်ရှိသည့် လုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် ရွေးချယ် ဆုံးဖြတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကူညီပေးသွားမည်ဖြစ်သည်။ ထိုလုပ်ငန်းများတွင် လမ်း၊ တံတား၊ တူးမြောင်း၊ ကျောင်း၊ ကျေးလက် ဆေးပေးခန်းနှင့် ဈေး ဆောက်လုပ်ရေး စသည့်တို့ ပါဝင်နိုင်ပါသည်။

“လူထု ဗဟိုပြု အမျိုးသားစီမံကိန်းက ကျေးလက် ပြည်သူတွေရဲ့ ရပ်ရွာ လိုအပ်ချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ငွေကြေးနဲ့ အရင်းအမြစ်တွေကို သူတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်ဖို့ ကူညီပေးတာက အလွန်ထိရောက်တဲ့ စွမ်းဆောင်ရည် မြှင့်တင်ပေးမှုတစ်ခု ဆိုတာကို ပြသနိုင်တဲ့ အကောင်းဆုံး ဥပမာ တစ်ခုပါ။ ရပ်ရွာလူထုက သူတို့ လိုအပ်ချက်ကို ကောင်းကောင်းသိပြီး ရရှိရမယ့် ရန်ပုံငွေ ပမာဏနဲ့ တိုင်းထွာပြီး သူတို့ဘာလုပ်ချင်သလဲဆိုတာ ကိုယ်တိုင် စဉ်းစား ဆုံးဖြတ်နိုင်တဲ့ အတွက် ဒီစီမံကိန်းက ရပ်ရွာလူထုတွေအတွက် အင်မတန် ထိရောက်ပါတယ်” ဟု မစ္စတာ အေဇဲဗင်ထရော်ဆင်ဘာတ်က ပြောသည်။

ယခု စီမံကိန်းသည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန်၏ ပြည်သူကို ဗဟိုပြုသော ဖွံ့ဖြိုး တိုးတက်ရေး ဟူသည့် အမြင်အပေါ်ကို အခြေခံကာ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းတစ်ခုလည်း ဖြစ်ပါသည်။ ယခင်က ပြည်သူ့ ဝန်ဆောင်မှုများကို ရရှိရန် အခွင့်အလမ်းနည်းပါးသည့် ကျေးလက်ဒေသများကို ကူညီပေးနိုင်မည့် စီမံကိန်း တစ်ခုဖြစ်ပါသည်။

နေပြည်တော်တွင် မစ္စတာ အေဇဲဗင်ထရော်ဆင်ဘတ်သည် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ရေရှည်လက်တွဲဆောင်ရွက်သွားနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆက်လက် ကူညီသွားရန် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

"မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံ အစိုးရနဲ့ ကမ္ဘာ့ဘဏ်အုပ်စုအကြား ပူးပေါင်း ဆောင်ရွက်မှုတွေကို ပိုမို တိုးမြှင့်ဆောင်ရွက်သွားနိုင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံမှာ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်နိုင်ဖို့ အတူတကွ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟုဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်က ပြောကြားသည်။

ဇန်နဝါရီလအတွင်းက မြန်မာနိုင်ငံသို့ ကမ္ဘာ့ဘဏ်အုပ်စု၏ ဥက္ကဋ္ဌ ဂျင်ယုံကင်မ် လာရောက်လည်ပတ်စဉ်အတွင်း ကတိ ကဝတ် ပြုခဲ့သည့် အတိုင်း အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အဖွဲ့ (IDA) ရန်ပုံငွေအပြင် အခြား ဘဏ္ဍာရေး အရင်းအမြစ် တစ်ခုဖြစ်သည့် ရလဒ် အခြေပြု ဘဏ္ဍာရေး ကူညီမှု အစီအစဉ်မှ တစ်ဆင့် အမျိုးသမီးနှင့် ကလေးများအတွက် အရည်အသွေး မြင့်မားသည့် အဓိက ကျန်းမာရေး စောင့်ရှောက်မှုများ တိုးမြှင့်ရရှိစေရန်လည်းကောင်း အခြေခံ လူတန်းစားများ အတွက် အဓိက အခက်အခဲ တစ်ခု ဖြစ်လျက်ရှိသည့် ပြည်သူများ၏ ကျန်းမာရေး အသုံးစရိတ်မြင့်မားနေမှုကို လျော့ချနိုင်ရန်အတွက်လည်းကောင်း ကူညီ သွားမည် ဖြစ်ကြောင်း မစ္စတာ အေဇဲဗင်ထရော်ဆင်ဘတ်က ပြောကြားခဲ့သည်။

ယခု ခရီးစဉ်သည် မြန်မာနိုင်ငံအစိုးရ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အတိုက်အခံနိုင်ငံရေး အဖွဲ့အစည်းများနှင့် အခြား stakeholders များနှင့် လည်းကောင်း တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်များကို တိုးမြှင့် ဆောင်ရွက်နိုင်ရန် အခွင့်အရေးတစ်ရပ်ဖြစ်သည်။ ထိုဆွေးနွေးမှုများသည် လာမည့် လေးနှစ်ကာလအတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာ နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ တစ်ရပ်ကို ရေးဆွဲရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် ဆင်းရဲနွမ်းပါးမှု၊ တန်းတူညီမျှမှု မရှိခြင်းနှင့် အခြား ဖွံ့ဖြိုးရေး စိန်ခေါ်မှုဆိုင်ရာ လေ့လာဆန်းစစ်မှုများကို ဆက်လက် ဆောင်ရွက်လျက်ရှိပြီး အလွန်အမင်း ဆင်းရဲနွမ်းပါးမှုကို လျော့ချနိုင်ရန်နှင့် သာယာ ဝပြောမှုများကို ပြည်သူများ အချင်းချင်း မျှဝေခံစားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ တိုးတက် ဖွံ့ဖြိုးရေးကို ကူညီနိုင်ရန် ရည်မှန်းထားပါသည်။


**ဆက်သွယ်ရန် - ရန်ကုန်**

ဦးကျော်စိုးလင်း klynn@worldbank.org +95 9 203 1159
**Meriem Gray** mgray@worldbank.org +959 421128395

**Washington:**
**Carl Hanlon** chanlon@worldbank.org
**Diana Chung** dchung1@worldbank.org
**Broadcast:** Mehreen Sheikh +1 (202) 458-7336, msheikh1@worldbank.org